

ဘာသာပြန် စာရေးဆရာ - 8Black Hands

# သက်တန့်ရောင်မိန်းမပျို

## (ယွီရှောင်ချောင်း)

## (Chapter 728 - 733)

စာစဉ် - ၅၃

(ဇာတ်သိမ်းပိုင်း)

# အပိုင်း ၇၂၈
# အခုထိ မပြီးဆုံးသေးပါ

လုံထျန်ပါးက သူ့အဖေကို ဒီနေ့ ဖြစ်ပျက်ခဲ့သမျှ အားလုံး ပြောပြလိုက်ပြီး တရားနည်းလမ်းကျနေသလို အမူအရာနဲ့တောင် ညည်းတွားလိုက်သေးသည်။

"ကျွန်တော့်ကို ဒီလိုလုပ်သွားတဲ့ လူတွေက 'အာကာသ ကမ္ဘာ'က လူတွေပဲ ဖြစ်ရမယ် သူတို့က အနိုင်ကျင့်တတ်တဲ့ အုပ်စုပဲ ကျွန်တော့်ဆီက တန်ဖိုးရှိတဲ့ ပစ္စည်းတွေအားလုံး ယူသွားတဲ့အပြင် လူလွှတ်ပြီးတောင် ကျွန်တော့်ကို ရိုက်ခိုင်းလိုက်သေးတယ်... အဖေ ကျွန်တော့်ကို ဒီအတွက် ကူညီပေးရမယ် နော်!"

လုံယီကွေ့ မြို့တော်ထဲကို ဝင်လိုက်သည်နှင့် သတင်းအချက်အလက် အချို့ကို လိုက်လံ မေးကြည့်လိုက်သည်။ ထိုသူက စီးပွားရေး လုပ်ရာမှာ အတော်ဆုံးဖြစ်ပြီး ပိုက်ဆံရှာဖွေရာမှာ အရည်အချင်း အရှိဆုံးဖြစ်တဲ့ ကြင်ယာတော်မင်းသမီးရှုပင်။ ကုန်သည်တွေအားလုံးက သူမကို ဖော်ပြဖို့ရန်အတွက် 'သူမရဲ့ ဖုန်မှုန့်ကိုသာ မြင်နိုင်ပြီး လိုက်မှီဖို့ရန်တော့ မျှော်လင့်ချက်မရှိ' ဟူသော စကားစုကို အသုံးပြုကြသည်။

သူမ မြို့တော်ကို ပထမဆုံး ရောက်လာတော့ ဆယ်ကျော်သက် ဝင်ကာစသာ ရှိသေးသည်။ အသက်ငယ်ပေမဲ့ သူမက နှစ်ကာလအနည်းငယ်အတွင်းမှာပဲ သူမရဲ့ ကိုယ်ပိုင်စီးပွားရေးလောကကို ဖန်းတီးဖို့ရန် စီမံနိုင်ခဲ့သည်။ ထို့အပြင်လည်း သူမပြုလုပ်ခဲ့တဲ့ စီးပွားရေးလုပ်ငန်းတွေက အခြား

သူတွေ တုပလို့ မရနိုင်ပေ။ သူမသာ တကယ် လုပ်ချင်တဲ့ ဆန္ဒရှိရင် တိုင်းပြည်တစ်ခုလုံးကို လုပ်ငန်းတိုးချဲ့ပြီး မင်တိုင်းပြည်တစ်ခုလုံးမှာ အချမ်းသာဆုံးပုဂ္ဂိုလ် ဖြစ်လာနိုင်သည်။ သို့သော်လည်း သူမက သိပ်အလွန်အကျွံ မဖြစ်ခင် ရပ်ရမယ်ဆိုတာကိုလည်း သိပြီး သူမရဲ့ လုပ်ငန်းတွေကို မြို့တော်အတွင်းမှာသာ ချဲ့ထွင်ခဲ့သည်။

သူမအကြောင်း ပြောမယ်ဆိုရင် အင်ပါယာမင်းသားရှုကိုလည်း မေ့လို့မဖြစ်ပေ။ ထိုနှစ်တစ်နှစ်မှာ သူက သူ့ရဲ့ ပိုင်ဆိုင်မှု တော်တော်များများကို ယွီမိသားစုသို့ အသွင်းပစ္စည်းအဖြစ် သူမထံ ပေးပစ်ခဲ့သည်။ အခုတော့ သူ့လက်ထဲမှာရှိတဲ့ လုပ်ငန်းအားလုံးကို သူ့ဇနီးကိုသာ စီမံခန့်ခွဲဖို့ ပေးအပ်ထားသည်။ ဒီလုပ်ငန်းတွေကြောင့် သူမ ပင်ပန်းမှာစိုးတာမို့ သူမကို ကူညီပေးဖို့ရန် အခြားနေရာတွေကနေ အရည်အချင်းရှိတဲ့ လက်အောက်ငယ်သား အများအပြားကိုလည်း ရှာဖွေခဲ့သည်။

ဖျော်ဖြေရေးရုံဖြစ်တဲ့ 'အာကာသကမ္ဘာ'အကြောင်းကိုတော့ လုံယီကွေ့အဖို့ မကြားဖူးဖို့ရန် ခက်ခဲလိမ့်သည်။ အာဏာရှိတဲ့ အရာရှိအားလုံးက ထိုနေရာမှာ ဆော့ကစားဖို့ရန် စုရုံးတတ်ကြသည်။ လက်တစ်ဖက်ကို ဆန့်ထုတ်လိုက်ရင်တောင် အဆင့်အတန်း မြင့်ပြီး အင်အားကြီးမားတဲ့ မျိုးရိုးမြင့်တို့ရဲ့ သားအချို့ ဒါမှမဟုတ် မြေးအချို့ကို ထိမိသွားနိုင်သည်။ ချမ်းသာပြီး အာဏာရှိတဲ့လူတွေကို ထိုနေရာမှာ နေရာအနှံ့ တွေ့မြင်နိုင်သည်။ ထို့အပြင်လည်း သူ့ကို ပိုပြီး သတိချပ်မိစေသည်က ဒီနေရာကို အင်ပါယာမင်းသားရှု ပိုင်ဆိုင်တယ်ဆိုတဲ့ အချက်ကြောင့်ပင်။ ကြင်ယာတော်မင်းသမီးရှူက သူနဲ့ လက်မထပ်ခင် ဒီနေရာအတွက် သူ့ကို အကြံများစွာ ပေးခဲ့တာဖြစ်သည်ဟူသော ကောလဟာလတွေ ကြားရသည်။

သူ့ရဲ့သားက သူတို့ရဲ့ မြင်းပြိုင်ကွင်းမှာရှိနေတုန်း အကြိမ်ကြိမ် ကြွားဝါခဲ့

ပြီး သူတို့ရဲ့ 'အာကာသကမ္ဘာ' ကိုလည်း တကယ်ကြီး လွှန်လွှန်ကျူးကျူး ဆဲရေးစော်ကားခဲ့သေးသည်။ သူ့ကို ချက်ချင်း မောင်းမထုတ်လိုက်ဘူးဆိုတဲ့ အချက်ကပင် သက်ညှာပေးရာကျနေပြီဖြစ်သည်။ အာမခံငွေအနေနဲ့ သူ့ရဲ့ ပစ္စည်းတွေအားလုံး ယူထားလိုက်တာက သေချာအားလုံး စဉ်းစားကြည့် မယ်ဆိုရင် အလွန်လျှော့ပေါ့ပြီး အပြစ်ပေးလိုက်တာပင်။

အလွန်ပါးနပ်တဲ့ စီးပွားရေးသမားတစ်ယောက်ဖြစ်တဲ့ သူက ဘယ်လိုများ ဒီလို တုံးအပြီး အသုံးမကျတဲ့ သားမျိုး ရလာပါလိမ့်? သူတို့မှာ ဘယ်လောက်ပဲ ပိုက်ဆံရှိရှိ ကုန်သည်တွေအနေနဲ့ မျိုးရိုးမြင့် အရာရှိတွေကို အနိုင်ရနိုင်ဖို့ မဖြစ်နိုင်ဘူးဆိုတာကို သူ့ရဲ့သားက ဘာလို့များ နည်းနည်း လေးတောင် မတွေးတော နိုင်ရတာလဲ အင်ပါယာမင်းသားရှုက တော်ဝင် မိသားစုနွယ် တစ်ယောက် ဖြစ်ပြီး ဧကရာဇ်ရဲ့ ဆွေမျိုးနီးစပ်တစ်ယောက် ဖြစ်ရုံသာမကဘဲ မင်အင်ပါယာရဲ့ အတော်ဆုံး လက်ရွေးစင်တပ်ကို တာဝန် ယူထားရတဲ့သူ ဖြစ်သည်။ ထို့အပြင်လည်း သူက ဧကရာဇ်ရဲ့ ယုံကြည်အား အထားရဆုံး အရာရှိတွေထဲက တစ်ယောက်ပင်။ သူ့ရဲ့ မြင့်မားပြီး အင်အား ကြီးမားတဲ့ အဆင့်အတန်းနဲ့ သူတို့လို သာမန်အရပ်သားလေးတွေက သူ့ကို ဘယ်လိုများ အပြစ်ပြုဖို့ တတ်နိုင်မှာတဲ့လဲ?

သူ့သား ဒီနေ့ ပြောခဲ့တာတွေ တစ်ခုခုသာ အင်ပါယာမင်းသားရှုဆီ ရောက်သွားခဲ့ရင် လုံမိသားစုက မြို့တော်မှာ မဝင်ဆံ့နိုင်တော့ရုံသာမက ကျန်းနန်မှာပင် သူတို့ရဲ့ နေရာကို ထိန်းထားနိုင်ပါ့မလားဆိုတာ ပြောနိုင်ဖို့ ရန် ခက်ခဲလှသည်... လုံယီကွေ့ ထိုအကြောင်း တွေးမိလေလေ ပိုလို့ပင် ကြောက်ရွံ့လာမိလေ ဖြစ်ပြီး အဆိုးဆုံးက အခုထိ ရောက်မလာသေး ကြောင်း ခံစားမိလေလေပင်။ အဲ့ဒီညမှာ သူဟာ မြို့တော်မှ ပထမအဆင့် အရာရှိတစ်ယောက်ကို တွေ့ဆုံဂါရဝပြုနိုင်ဖို့ရန်အတွက် အင်အားအများ

ကြီး စိုက်ထုတ်ကာ ပိုက်ဆံအမြောက်အမြား သုံးခဲ့သည်။

ပထမအဆင့်အရာရှိက ညလည်ခေါင်ကြီး အနှောက်ယှက်ခံလိုက်ရတဲ့အတွက် တော်တော်လေး ဒေါသထွက်နေပေမဲ့ များပြားလှတဲ့ တန်ဖိုးကြီးလက်ဆောင်တွေကို မြင်လိုက်ရတော့ အင်တင်တင်နဲ့ သူတို့ကို တွေ့ဆုံလိုက်ရသည်။ သို့သော်လည်း လုံမိသားစုက အင်ပါယာမင်းသားရှုကို အပြစ်ပြုမိထားတယ် ဆိုတာ သိသွားတော့ သူ့မျက်နှာအမူအရာက ချက်ချင်း ပြောင်းသွားသည်။ သူက အထိန်းတော်ချုပ်အား သူတို့ရဲ့ လက်ဆောင်တွေအားလုံး ပြန်ပေးလိုက်ဖို့ရန် အလျင်အမြန် ပြောပြီး အစေခံတွေကိုလည်း သူတို့အား အိမ်ထဲကနေ မြန်နိုင်သမျှ မြန်မြန် မောင်းထုတ်ပစ်ခိုင်းလိုက်သည်။

အင်ပါယာမင်းသားရှုသာ သူ လုံမိသားစုဆီကနေ တံစိုးလက်ဆောင်ယူထားမှန်း သိသွားရင် သူ့ရဲ့ ကိုယ်ပိုင် အရာရှိခေါင်းဆောင်းကိုတောင် ဆောင်းနိုင်ပါဦးမလား ဆိုတာ ပြောဖို့ရန် ခက်ခဲလိမ့်မည်။ ထို့အပြင်လည်း လုံယီကွေ့အား သတိပေးလိုက်သည်။

"မှတ်ထား မင်း ဒီအရာရှိကို သိလည်းမသိသလို ဒီအရာရှိရဲ့ အိမ်ကိုလည်း တစ်ခါမှ မလာဖူးဘူး မင်းတို့ နဂါးရဲ့ ဒေါသကို သွားစထားပြီးမှတော့ ငါ့ကို ကပ်ဘေးထဲ ဆွဲမသွင်းစမ်းပါနဲ့!"

သူတို့ကို မောင်းထုတ်ပြီးတာနဲ့ အထိန်းတော်ချုပ်က လုံယီကွေ့ကို ကြင်နာစွာနဲ့ အကြံပြုချက် ပေးလိုက်သည်

"မင်းတို့ လုပ်နိုင်တာ ပြောနိုင်တာ ဘာတစ်ခုမှ မရှိဘူး မြို့တော်ထဲက ဘယ်သူကိုပဲ တောင်းဆိုပါစေ ဘယ်သူကမှ ရဲရဲဝံ့ဝံ့နဲ့ မင်းတို့အတွက် စကားပြောပေးပြီး အင်ပါယာမင်းသားရှုရဲ့ ဒေါသကို သွားဆွချင်မှာ မဟုတ်ဘူး ဉာဏ်ရှိတယ်ဆိုရင် အင်ပါယာမင်းသားရှုအိမ်တော်ကို နာနာခံခံနဲ့သွားပြီးရင် မင်းတို့ရဲ့ အပြစ်တွေကို ဝန်ခံပြီး အပြစ်ပေးဖို့ တောင်းဆိုလိုက်..."

ဒီတော့မှ လုံယီကွေ့လည်း ဒီပြဿနာရဲ့ပြင်းထန်မှုကို သိသွားတော့သည်။ နောက်တစ်နေ့မှာ သူ့သားကိုပါ အတူခေါ်ပြီး 'အာကာသကမ္ဘာ' သို့ တောင်းပန်ဖို့ရန် သွားလိုက်ကြသည်။ သူတို့ပေးရမယ့် ငွေပမာဏရဲ့ နှစ်ဆကိုပါ ယူသွားရုံမက သူ့သားကိုပါ ရုံးခန်းရှေ့၌ ဒူးထောက်စေပြီး ခွင့်လွှတ်မှုကို တောင်းဆိုခိုင်းလိုက်သည်။

ဖျော်ဖြေရေးရုံရဲ့ တာဝန်ခံက လုံထျန်ပါး သူတို့ကို အကြွေးတင်နေတဲ့ ပမာဏဖြစ်တဲ့ သူတိုကို ပေးရမယ့် လျှန်ငါးထောင့်ခြောက်ရာကိုသာ ယူထားလိုက်သည်။ ထို့နောက် အရင်နေ့က လုံထျန်ပါးဆီက ယူထားတဲ့ ပစ္စည်းအားလုံးကို ပြန်ပေးပြီး ပြောလိုက်သည်

"ကျွန်တော်တို့ သခင်ကို ရိုင်းပြထားတဲ့ ကိစ္စနဲ့ ပတ်သတ်ပြီးကတော့ ကျွန်တော်တို့ အစေခံတွေအနေနဲ့ ဆုံးဖြတ်ပေးပိုင်ခွင့် မရှိပါဘူး လုံမိသားစု သခင်ကြီး ကျေးဇူးပြုပြီး ထွက်သွားပေးပါ!"

နောက်ဆုံးမှာတော့ တာဝန်ခံက စေတနာကောင်းစွာနဲ့ အကြံပြုချက် ပေးလာသည်

"သခင့်ရဲ့ ဆက်ခံသူက အခု ရုံးခန်းထဲမှာ ရှိနေပါတယ် ရိုးရိုးသားသားနဲ့ စိတ်ပြောင်းအောင် လုပ်နိုင်မယ်ဆိုရင်တော့ ဖြစ်နိုင်လောက်မှာပါ..."

တာဝန်ခံဆီမှ အကြံဉာဏ်အချို့ ရရှိပြီးနောက် အင်ပါယာမင်းသားရှု အိမ်တော်ရဲ့ ဆက်ခံသူနဲ့ တွေ့ဆုံဂါရဝပြုဖို့ရန် တောင်းဆိုလိုက်သည်။ ကျူးယွင်ရွှမ်းက ဟန်ပန်တွေ ထားမနေဘဲ ပျူငှာစွာနဲ့သာ သူတို့ကို တွေ့ခွင့်ပြုလိုက်သည်။

သားအဖနှစ်ယောက်က အခြေအနေကို သူ့အား ရှင်းပြနေရင်း တုန်လှုပ်နေကြသည်။ နောက်ဆုံးတော့ ကြောက်ရမယ်ဆိုတာ သိသွားပြီဖြစ်တဲ့ လုံထျန်းပါးက ဆက်ခံသူရှေ့၌ သနားဖို့ကောင်းစွာ ငိုကြွေးနေလေသည်။ ထို့

အပြင်လည်း သူ့ရဲ့ အခုထိ ရောင်ရမ်းနေဆဲဖြစ်တဲ့ ပါးကို သူ့လက်နဲ့သူ စတင်ရိုက်ပြီး အမှားအမှန်မသိဘဲ ဖျော်ဖြေရေးရုံအား ဆဲရေးပြီး အင်ပါယာ မင်းသားရှုနဲ့ ကြင်ယာတော်မင်းသမီးရှူတို့ကို ရိုင်းပြမိတဲ့အတွက် သူ့ကိုယ် သူ ဒေါသနဲ့ ပြစ်တင်ဝေဖန်နေခဲ့သည်။ သူက ဒီအတွက် သေတောင် သေ သင့်ပြီး ဆက်ခံသူက သူ့ကို ဘယ်လိုပဲ အပြစ်ပေးဖို့ ဆုံဖြတ်ပါစေ လက်ခံ နိုင်တယ်ဆိုတဲ့အကြောင်း ဆိုလာခဲ့သည်။ သူက သူ့အမှားကို ပြင်နိုင်ဖို့ အတွက် ဘာမဆိုလုပ်ရန် ဆန္ဒရှိနေခဲ့သည်။

ကျူးယွင်ရှင်းက လုံထျန်ပါး သူ့ကိုယ်သူရိုက်နေတာ အချက်နှစ်ဆယ် သုံး ဆယ်ဝန်းကျင်လောက် ရှိသွားတဲ့အထိ စောင့်နေခဲ့ပြီး တစ်ဖက်လူ မူး နောက်လာတော့မှ နောက်ဆုံးမှာ ဖွင့်ဟဆိုလာခဲ့သည်

"ဒီဆက်ခံသူက မင်းရဲ့ တောင်းပန်မှုကို လက်ခံရရှိပြီးပါပြီ မင်းဆဲဆိုခဲ့တဲ့ စကားတွေအတွက် ထိုက်ထိုက်တန်တန် အပြစ်ပေးခံရပြီးပြီဆိုတော့ ဒီ ဆက်ခံသူက မင်းကို နှုတ်ဆက်စကားတစ်ခွန်းတော့ ပေးချင်တယ် 'အာချောင်တဲ့ ပါးစပ်က ဒုက္ခရောက်တတ်တယ်' ရှေ့လျှောက် ဒါကို စွဲစွဲမြဲမြဲ မှတ်ထားရင် မင်းအတွက် ကောင်းလာမှာပါ"

ပြောပြီးတဲ့နောက်မှတော့ သူက ယဉ်ယဉ်ကျေးကျေးနဲ့ သူတို့ကို လိုက်ပို့ ပေးလိုက်သည်။

လုံယီကွေ့နဲ့ လုံထျန်ပါးတို့ 'အာကာသကမ္ဘာ' က ထွက်လာတဲ့အချိန်အထိ စိတ်ရှုပ်ထွေးနေဆဲပင်။ ဆက်ခံသူက စောစောက ဘာကို ဆိုလိုတာလဲ။ သူ တကယ်ကြီး သူတို့ကို ခွင့်လွှတ်ပေးတာလား မပေးတာလား။ သူတို့ ထွက် သွားတော့ သူတို့ဆီ ယူသွားခဲ့တဲ့ ဈေးကြီးပြီး အဖိုးတန်တဲ့ လက်ဆောင်တွေ အားလုံးကိုလည်း သူတို့ဆီ ချက်ချင်း ပြန်ပေးလာသည်။

ကျူးယွင်ရှမ်းက အေးစက်စက် နှာမှုတ်လိုက်ပြီး သူကိုယ့်သူ ပြောလိုက်

သည်

"ငါ စိတ်ပျော့သွားအောင် သူတို့ကိုယ်သူတို့ ထိခိုက်အောင်လုပ်တဲ့ နည်းသုံးပြီး တောင်းပန်ရုံလေးနဲ့ ငါ့အပေါ် အလုပ်ဖြစ်မယ်လို့ တကယ် ထင်နေကြတာလား ငါ့မယ်တော်ကို ရိုင်းပြထားမှတော့ သူတို့ကို ဒီလို လွယ်လွယ်နဲ့ လွှတ်မပေးနိုင်ပါဘူး!"

လုံယွီကွေ့သာ ထက်မြက်ခဲ့ရင် သူ့သားကို ကျန်းနန်ဆီ ပြန်ပို့ပြီး လုံမိသားစုကို မြို့တော်ဆီသို့ ဘယ်တော့မှ ခြေချခွင့်ပေးတော့မှာ မဟုတ်ချေ။ သို့သော်လည်း သူက မြို့တော်မှာ သူစုဆောင်းရမိတဲ့ အမြတ်တွေနဲ့ ယစ်မူးနေခဲ့သည်။ ရက်အနည်းငယ်လောက် စောင့်ကြည့်ပြီး အရာအားလုံး တည်ငြိမ်နေတာ တွေ့လိုက်ရတော့ ဒီကိစ္စက ပြီးဆုံးသွားပြီလို့ ထင်ပြီး မြို့တော်မှာ ပြန်လည် ခြေဆန့်တော့သည်။

လုံထျန်ပါးကတော့ သူ့မျက်နှာ ဒဏ်ရာ ပျောက်ကင်းသွားတာနဲ့ ပြန်ပြီး သောင်းကျန်းတော့သည်။ သူနဲ့ အတူ အချိန်ဖြုန်းနေကြဖြစ်တဲ့ မူလ ဆန်ကုန်မြေလေးအဖွဲ့ကို အခုထိ ဘယ်နေရာမှာမှ မတွေ့ရပေမဲ့ သိပ်မကြာ ခင်မှာပဲ ပျော်ပါးဖို့သာ စိတ်ဝင်စားတဲ့ သူငယ်ချင်းအချို့ကို ရှာတွေ့ခဲ့ပြီး သူတို့မှာလည်း ကောင်းမွန်တဲ့ နောက်ခံတွေ ရှိနေသည်။ လုံထျန်ပါးက အခုတော်တော်လေး ကျေနပ်နေခဲ့သည်။

ဒီသူငယ်ချင်း အုပ်စုထဲမှာ သုန်မျိုးရိုး အမည်ရှိတဲ့ ကောင်လေးက စစ်သူကြီး တစ်ယောက်ရဲ့ သားဖြစ်သည်။ ဒီသူငယ်ချင်းဖြစ်သူ သဘောကျတဲ့ ဝါသနာက ဂျေဒိုက်ကျောက်တွေ စုဆောင်းရတာပင်။ မျက်နှာသာ ပေးခံရဖို့အတွက် လုံထျန်းပါးက ထိုသူ သူ့ကို ဖော်ရွေတဲ့ အမူအရာနဲ့ ဆက်ဆံလာပြီး အရေးတယူ လုပ်လာစေဖို့ အကောင်းဆုံးမှန်သားကျောက်နဲ့ ပြုလုပ်ထားတဲ့ အစိမ်းရောင် ကျောက်စိမ်းဆွဲပြား အဆင်တန်ဆာကို ပေးခဲ့သည်။

တစ်ခုသောနေ့မှာ လုံထျန်းပါးက ဒီသုန်သခင်လေးကို ပညာရှိ ကျောက်စိမ်း နန်းတော်သို့ ခေါ်သွားပြီး သူကြိုက်တဲ့ ကျောက်စိမ်း အဆင်တန်ကို ရွေးယူဖို့ရန် ရက်ရောစွာ ကမ်းလှမ်းလိုက်သည်။ သခင်လေး သုန်က တန်ဖိုးရှိပြီး ဈေးကြီးတဲ့ ကျောက်စိမ်းမျိုးစိတ်အားလုံးကို ကြည့်ပြီး သက်ပြင်းချကာ

"ဒီမှာရှိတဲ့ ကျောက်စိမ်းအဆင်တန်ဆာတွေက တော်တော်လေး လှပေမဲ့ သူတို့ဆီမှာ တစ်ခုခု ပျောက်ဆုံးနေတယ်လို့ အမြဲ ခံစားနေရတာ အင်ပါယာမင်းသားရှုဆီမှာ ကျောက်ရိုင်းတုံးတွေ ရောင်းတဲ့ ဆိုင်လည်း ရှိတယ်လို့ ကြားတယ် ငါသာ လှပတဲ့ ဂျေဒိုက်ကျောက်ရိုင်းတုံတစ်တုံးကို ကိုယ်တိုင် ရွေးနိုင်မယ်ဆိုရင် တော်တော်လေး မိုက်မှာပဲ! ကံမကောင်းချင်တော့ ငါ့ အဖေက အရမ်း စည်းကမ်းတင်းကြပ်ပြီး လောင်းကစားနဲ့ ပါတ်သတ်တဲ့ ဘာတစ်ခုကိုမှ ဝင်ပါခွင့်မပြုထားဘူးလေ..."

ပါးနပ်တဲ့ လူတွေကတော့ ဒီသုန်သခင်လေးက အင်ပါယာမင်းသားရှု ဆက်ခံသူရဲ့ ကိုယ်ရံတော် သုန်မင် ဖြစ်တာကို သတိပြုမိလိမ့်မှာပင်။ တကယ်တော့ သူက အင်ပါယာမင်းသားရှုရဲ့ ကိုယ်ရံတော် ဖြစ်ခဲ့ဖူးတဲ့ သုန်သာ့လီရဲ့သားဖြစ်သည်။ သုန်သာ့လီက အင်ပါယာမင်းသားရှု တန်ဖိုးထားရတဲ့ လက်အောက်ငယ်သားတစ်ယောက် ဖြစ်ပြီး ယခုအခါမှာ လက်နက်ကိုင် စခန်းရဲ့ တပ်မှူးဖြစ်နေပြီ ဖြစ်သည်။ ထို့ကြောင့် သုန်မင်က စစ်သူကြီးတစ် ယောက်ရဲ့သားဆိုတာ မှသားမဟုတ်ပေ။

မျိုးရိုးမြင့် အသိုင်းအဝိုင်းမှာရှိတဲ့ လူတွေအားလုံး လုံမိသားစုက အင်ပါ ယာမင်းသားရှုအိမ်တော်ကို အပြစ်ပြုမိထားတယ်ဆိုတာ သိကြသည်။ သူတို့ က လုံထျန်းပါးဘေးမှာ သုန်မင်ကို တွေ့လိုက်တာနဲ့ အင်ပါယာမင်းသားရှုရဲ့ ဆက်ခံသူက ပြန်လည်တိုက်ခိုက်ဖို့ အသင့်ဖြစ်နေပြီ ဆိုတာ သိလိုက်သည်။

ထို့ကြောင့် ဒီနေရာမှာ ရှိနေကြတဲ့ မျိုးရိုးမြင့် ဖောက်သည်တွေအားလုံး လုံထျန်းပါးကို ဖုံးကွယ်ထားတယ်ဆိုရုံသာ ရှိတဲ့ ပျော်ရွှင်မှုတို့ဖြင့် စောင့်ကြည့်နေခဲ့ကြသည်။

လုံထျန့်ပါးက ဒါဟာ အင်ပါယာမင်းသားရှုရဲ့ လုပ်ငန်းတွေထဲက တစ်ခုဖြစ်မှန်းသိသွားတော့ ချက်ချင်းပဲ တော်တော်လေး တွန့်ဆုတ်သွား မိသည်။ သို့သော်လည်း အနည်းငယ် တွေးတောကြည့်ပြီးတဲ့နောက် သူက ပိုက်ဆံဖြုန်းရုံသာ ဖြစ်ပြီး ပြဿနာရှာမှာ မဟုတ်တာမို့ သူ့ပါးစပ်ကို ထိန်းထားနိုင်သ၍ အဆင်ပြေနိုင်မှာပါ ဆိုပြီး ဆုံးဖြတ်လိုက်သည်။ ထို့အပြင် အင်ပါယာမင်းသားရှုအိမ်တော်က လူတွေ သူ့ကို အမြင်အသစ်နဲ့ မြင်လာစေဖို့ ငွေအတော်များများလည်း သုံးပစ်လိုက်လို့ရသည်။ ဒါကလည်း အင်ပါယာမင်းသားရှုအိမ်တော်ကို လက်ဆောင်ပေးတယ်လို့ သတ်မှတ်လို့ရတယ်မဟုတ်လား?

သူက သူ့အဖေကို အကျိုးအကြောင်း သွားပြောလိုက်သည်။ လုံယီကွေ့က ဒီအကြောင်း ဂရုတစိုက် စဉ်းစားကြည့်ပြီး နောက်ဆုံးမှာ သတိပေးလိုက်သည်

"အင်ပါယာမင်းသားရှု အိမ်တော်က ငါတို့အပေါ် သူတို့ရဲ့ အမြင်ပြောင်းသွားပြီလားဆိုတာ တစ်ချက် ကြည့်ကြည့်ဖို့ မင်းအတွက် အခွင့်ကောင်းတစ်ခု ဖြစ်သွားတာပေါ့ ဒါပေမဲ့ ဒီတစ်ခါတော့ မင်းရဲပါးစပ်ကို တင်းတင်းပိတ်ပြီး မင်းရဲ့ အထက်စီးဆန်တဲ့ ဘက်ခြမ်းကို ထိန်းထားမှ ဖြစ်မယ်! မင်း ဒီတစ်ခေါက် တလွဲတချော် လုပ်လာလို့ကတော့ ငါတို့ ကျန်တဲ့ မိသားစုဝင်တွေ ဘေးဒုက္ခမဖြစ်အောင် မင်းကို မိသားစုထဲကနေ စွန့်လွှတ်ပစ်မယ်"

လုံထျန်းပါးက အလျင်စလို သဘောတူလိုက်ပြီး

"အဖေ စိတ်မပူပါနဲ့ ကျွန်တော် ဒီတစ်ခါတော့ အဖေအတွက် အားလုံး

အဆင်ပြေအောင် သေချာပေါက် လုပ်မှာပါ!"

နောက်တစ်နေ့မှာတော့ လုံထျန်းပါးက သခင်လေးသုန်ကို 'ကျောက်အလောင်းကစားရုံ' သို့ ဖိတ်လိုက်သည်။ အစကတော့ သခင်လေးသုန်က သူ့အဖေ သူ့ကို အပြစ်ပေးတဲ့အနေနဲ့ စစ်တပ်ထဲထည့်ပြီး အလွန်ခက်ခဲပင်ပန်းတဲ့ လေ့ကျင့်ရေးအချို့ လုပ်ခိုင်းမှာကို ကြောက်မိကြောင်း ပြောပြီး ငြင်းဆိုခဲ့သည်။ လုံထျန်းပါးက ပြောလိုက်သည်

"သခင်လေးသုန် ဒါက သခင်လေးကိုယ်တိုင် လောင်းကစားပွဲမှာ ပါတာမျိုး မဟုတ်ပဲ ကျွန်တော် သွားကြည့်ဖို့ အဖော်လိုက်ရုံတင်လေ သခင်လေးရဲ့အဖေသိသွားရင်လည်း သခင်လေးကို အပြစ်တင်နိုင်မှာ မဟုတ်ပါဘူးဗျာ!"

သခင်လေးသုန်က အချိန်အတော်အကြာ ချီတုန်ချတုံ ဖြစ်နေခဲ့ပြီး နောက်ဆုံးမှာမှ အင်တင်တင်နဲ့ သဘောတူလာခဲ့သည်။

ကျောက်အလောင်းကစားရုံက အလွန် ကျယ်ဝန်းတဲ့ခြံကြီးတစ်ခု ဖြစ်ပြီး ခြံဝန်းထဲမှာ သိပ်ပြီး အထင်ကြီး စရာမရှိတဲ့ ဂျေဒိုက်ကျောက်ရိုင်းအပုံလိုက် ရှိသည်။ လုံထျန်းပါးက ဒီကျောက်တုံးတွေကို တွေ့တော့ အထင်မကြီးမိဘဲ တိတ်တဆိတ် ကျိန်ဆဲမိလိုက်သည်

'ဒီကျောက်တုံးတွေကိုလည်း ခေါင်တက်နေတဲ့ ဈေးနှုန်းတွေနဲ့ ရောင်းလို့ရတယ်? အင်ပါယာမင်းသားရှုက လူတွေကို ရိုက်စားလုပ်နေတာ အသိသာကြီး!'

သို့သော်လည်း သူအရင်တစ်ခါ သင်ခန်းစာရထားပြီးပြီးမို့ သူ့အတွေးတွေကို သူ့ဘာသာသာ မျိုသိပ်ထားလိုက်သည်။

"သခင်လေးတို့ 'အပြည့်လောင်း' တဲ့အပိုင်းမှာ ပါမလား 'တစ်ဝက်ဖွင့်လောင်း'တဲ့ အပိုင်းမှာ ပါချင်လား"

သူတို့နှစ်ယောက်ကို ထက်မြက်တဲ့ ဆိုင်ရဲ့အကူလေးတစ်ယောက်က ခေါ်ဆောင်လာခဲ့သည်။ သူတို့ကို မိတ်ဆက်ပေးပြီးတဲ့နောက် သူက တယဉ်တကျေးနဲ့ ဘယ်ကို သွားချင်လဲဆိုတာ မေးမြန်းလိုက်သည်။

သခင်လေးသုန်က မေးလိုက်သည်

"အပြည့်လောင်း'တာနဲ့ 'တစ်ဝက်ဖွင့်လောင်း' တယ်ဆိုတာ ဘာလဲ"

ဆိုင်အကူလေးက မြေကွက်လပ်ထဲမှာရှိတဲ့ ကျောက်ရိုင်းတုံးတွေကို ညွှန်ပြလိုက်ပြီး ပြုံးလိုက်ရင်း

"ဒီခြံထဲက ကျောက်ရိုင်းတုံးတွေအားလုံးက မဖွင့်ရသေးပါဘူး ဂျေဒိုက်ကျောက် ပါမလား မပါဘူးလားဆိုတာ ကံပေါ်မှာပဲ မူတည်တာမို့ ဒါကို 'အပြည့် လောင်း'တယ်လို့ ခေါ်ပါတယ်။ ခြံဝန်းတစ်ဝိုက်မှာ ရှိတဲ့ အခန်းတွေထဲမှာတော့ အများစုက တစ်ဖက်ဖွင့်ပြီးသား ကျောက်စိမ်းတုံးတွေ ရှိပြီး ဂျေဒိုက်ကျောက်တွေကို မြင်ရမှာပါ ဒါပေမဲ့ အထဲက ကျောက်စိမ်းပမာဏက အာမမခံနိုင်တာမို့ ဒါကို 'တစ်ဝက်ဖွင့်လောင်း'တယ်လို့ ခေါ်ပါတယ်။ သခင်လေးတို့ ကျောက်ရိုင်းတုံးတွေရဲ့ အပြင်ပိုင်းကို လေ့လာစမ်းစစ်ရာမှာ ကျွမ်းကျင်တယ်ဆိုရင် ဒီခြံဝန်းထဲက ကျောက်တုံးတွေကို ကြည့်လို့ရပါတယ် ဒီကို လာတာ ပထမဆုံးအကြိမ်ဆိုရင်တော့ ဖွင့်ပြီးသား ကျောက်စိမ်းတွေကို ကြည့်ဖို့ အကြံပေးချင်ပါတယ်"

သခင်လေးသုန်က လုံထျန်းပါးကို ကြည့်ပြီး ပြောလိုက်သည်

"ငါ့မှာတော့ ကျောက်လောင်းတာနဲ့ ပတ်သတ်ပြီး ဘာဗဟုသုတမှ မရှိဘူး ညီအစ်ကိုသုန်ရော ဘယ်လိုလဲ"

လုံထျန်းပါးက လုပ်ချောင်းအနည်းငယ် ဆိုးလိုက်ပြီး ဆိုလာသည်

"ကျွန်တော် သိတာနည်းနည်းတော့ ရှိပေမဲ့ ကျွန်တော်လည်း သိပ်ပြီးတော့

မကျွမ်းကျင်ဘူး ကျွန်တော်တို့... အဲ့ဒီအခန်းကို သွားပြီးမှ ဆုံးဖြတ်ကြရင် ရော"

သူတို့ အခန်းထဲကို ဝင်သွားတော့ စင်ပေါ်မှာ ကျောက်ရိုင်းတုံး အမျိုးအစားအားလုံး ပြသထားသည်။ ကျောက်ရိုင်းတုံးတစ်ခုစီက ဖွင့်ထားပြီးသား ဖြစ်ပြီး အထဲက တောက်ပနေတဲ့ ကျောက်စိမ်းကို ပြသထားသည်။

"ဝိုး! ဒီကျောက်တုံးတွေက တကယ်ကြီး အထဲမှာကျောက်စိမ်းတွေ ရှိနေတာပဲ!"

လုံထျန်းပါးက အံ့အားသင့်နေတဲ့ အမူအရာနဲ့ အံ့အားသင့်စွာ ဆိုလာသည်။

သခင်လေးသုန်နဲ့ ဆိုင်အကူတို့က တစ်ယောက်နဲ့ တစ်ယောက် အကြည့်ချင်း ဖလှယ်လိုက်ကြပြီး သူတို့နှစ်ယောက်လုံး ဒီလေးယောက်မြောက်သခင်လေးလုံက အစွန်းရောက်လွန်းနေတဲ့အတွက် အထင်သေးမိသွားကြသည်။ လုံမိသားစုမှာ ဒီလိုတုံးအတဲ့ မျိုးဆက်ရှိနေတာက မိသားစုက လုံလောက်တဲ့ ကုသိုလ်ကောင်းမှုတွေ မစုဆောင်းထားမိလို့ပေါ့။ သူတကယ်ပဲ ဒီကျောက်တုံးတွေထဲမှာ ကျောက်စိမ်း အမှန်တကယ် ရှိမရှိကို သံသယဖြစ်နေတာလား ဒါမှမဟုတ် အင်ပါယာမင်းသားရှုအိမ်တော်က ကျောက်တုံးတစ်ပုံတစ်ခေါင်းကြီးကို အရှုးလုပ်ပြီး လိမ်လည်နေတယ်လို့ သံသယဝင်နေတာလား။ တကယ်လို့ တစ်ယောက်ယောက်သာ သံသယဝင်နေမိတယ်ဆိုရင်လည်း အပြင်ကို ထုတ်မပြသင့်ဘူးလေ။ သူက တကယ်ကြီး မိုက်မဲလွန်းတဲ့သူပဲ!

***